# နောက်ဆက်တွဲ ၁၀။ လိင်ပိုင်းဆိုင်ရာ လက်မခံနိုင်သောအပြုအမူများနှင့် စပ်လျဉ်း၍ မိတ်ဖက် လမ်းညွှန်မှတ်စု

လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းတို့နှင့် စပ်လျဉ်း၍ MHF မိတ်ဖက်များနှင့် တစ်ဆင့်ခံမိတ်ဖက်များ၏ တာဝန်ဝတ္တရားများ (အောက်တိုဘာ ၂၀၂၁)

MHF Myanmar Humanitarian Fund

## နိဒါန်း

ဤစာရွက်စာတမ်းသည် OCHA က စီမံခန့်ခွဲသည့် နိုင်ငံအခြေပြု စုပေါင်းရန်ပုံငွေအဖွဲ့ (CBPF) တစ်ခု ဖြစ်သည့် မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ (MHF) ၏ မိတ်ဖက်များနှင့် တစ်ဆင့်ခံ မိတ်ဖက်များအတွက် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း (Sexual Exploitation and Abuse - SEA) ဖြစ်ရပ်များကို ကာကွယ်တားဆီးခြင်း၊ စုံစမ်းဖော်ထုတ်ခြင်း၊ တိုင်ကြားခြင်းနှင့် တုံ့ပြန်ဆောင်ရွက် ခြင်းတို့နှင့် သက်ဆိုင်သည့် ယင်းတို့၏ တာဝန်ဝတ္တရားများ လမ်းညွှန်ဖြစ်သည်။ ဤစာရွက်စာတမ်းကို CBPF များအတွက် ကမ္ဘာလုံးဆိုင်ရာလမ်းညွှန်ချက်များ[1]၊ CBPF လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်၊ ယင်းတို့၏ နောက်ဆက်တွဲများ၊ MHF လုပ်ငန်း ဆောင်ရွက်မှု ဆိုင်ရာလက်စွဲ (ဇူလိုင် ၂၀၂၁ တွင် ဖြည့်စွက်ပြင်ဆင်သည့်မူ) နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်များ ပါဝင်ပတ်သက်နေသည့် SEA စွပ်စွဲချက်များဆိုင်ရာ ကုလသမဂ္ဂ အတည်ပြု လုပ်ထုံး လုပ်နည်းများ[2]တို့နှင့် တွဲဖက်ဖတ်ရှုရန်ဖြစ်သည်။ မြန်မာနိုင်ငံ PSEA ကွန်ရက်သို့ ရည်ညွှန်း ကိုးကားရန်လည်း လိုအပ်ပြီး အထူးသဖြင့် SEA ဆိုင်ရာ စွပ်စွဲချက်များအတွက် တိုင်ကြားရန် မူဘောင်[3]သို့ ရည်ညွှန်းရန်လိုအပ်သည်။

*ဤလုပ်ထုံးလုပ်နည်းများသည် ကုလသမဂ္ဂဝန်ထမ်းများ သို့မဟုတ် ယင်းနှင့်ချိတ်ဆက်ထားသည့် တာဝန်ရှိသူများ ပါဝင်ပတ်သက်နေသည့် လိင်ပိုင်းဆိုင်ရာ လက်မခံနိုင်သောအပြုအမူများနှင့် စပ်လျဉ်းသည့် ဖြစ်ရပ်များအတွက်* ***အကျုံးမဝင်ပါ***။ *မူအားဖြင့် ဤလုပ်ထုံးလုပ်နည်းများသည် အလုပ်ခွင်တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း (Sexual Harassment - SH) ဖြစ်ရပ်များအတွက်* ***အကျုံးမဝင်ပါ***။ *လုပ်ငန်းခွင်အတွင်း* ***လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း****ကို MHF မိတ်ဖက်များကဖြစ်စေ၊ တစ်ဆင့်ခံ မိတ်ဖက်များကဖြစ်စေ ကျူးလွန်သည့် လုပ်ငန်းခွင်တွင် ပြုလုပ်သော သို့မဟုတ် လုပ်ငန်းနှင့်ဆက်စပ်မှု ရှိသော လိင်ဆိုင်ရာ သဘောသဘာဝရှိသည့် လက်မခံနိုင်ဖွယ် မည်သည့်အပြုအမူမဆိုအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။* သို့သော် MHF မိတ်ဖက် များနှင့် တစ်ဆင့်ခံမိတ်ဖက်များသည် ယင်းကဲ့သို့သော ဖြစ်ရပ်တစ်ခု

---

[1] ဤလိပ်စာတွင် ရနိုင်သည် – https://www.unocha.org/our-work/humanitarian-financing/country-based-pooled-funds-cbpf/cbpf-guidelines

[2] ဤလိပ်စာတွင် ရနိုင်သည် – https://www.un.org/en/pdfs/UN%20Protocol%20on%20SEA%20Allegations%20involving%20Implementing%20Partners%20-%20English_Final.pdf

[3] ဤလိပ်စာတွင် ရနိုင်သည် – https://themimu.info/sector/protection-sexual-exploitation-abuse-psea

ပေါ်ပေါက်ပါက နစ်နာသူကို ချက်ချင်းအကူအညီပေးခြင်း အပါအဝင် အလုပ်ခွင်တွင် ဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် ဖြစ်ရပ်များအား စီမံခန့်ခွဲရန် ကျိုးကြောင်း ဆီလျော်သည့် လုပ်ဆောင်ချက်အားလုံးကို ဆောင်ရွက်ရမည်ဖြစ်သည်။ အကယ်၍ သံသယရှိပါက မိတ်ဖက် များသည် SH နှင့် SEA အကြား ခွဲခြားရန်ခက်ခဲနိုင်သည့်၊ ထို့ပြင် SH ကို အကြီးတန်းဝန်ထမ်းတစ်ဦးက ကျူးလွန်ခြင်းဖြစ်ပါက စီမံခန့်ခွဲရန်လည်း ခက်ခဲနိုင်သည့် မည်သည့် SH ဖြစ်ရပ်ကိုမဆို တိုင်ကြား သင့်သည်။

## MHF မိတ်ဖက်များနှင့် တစ်ဆင့်ခံ မိတ်ဖက်များ၏ တာဝန်ဝတ္တရားများ

ရန်ပုံငွေဆိုင်ရာ သဘောတူညီချက်သည် မိတ်ဖက်များအနေဖြင့် MHF ၏ ရန်ပုံငွေကို လက်ခံ ရရှိချိန်တွင် ကုလသမဂ္ဂနှင့် ပြုလုပ်ချုပ်ဆိုသည့် ဥပဒေဆိုင်ရာ ပဋိညာဉ်တစ်ရပ်ဖြစ်သည်။ မိတ်ဖက်များသည် အောက်ပါသတ်မှတ်ချက်များကို လိုက်နာရန် လိုအပ်သည် –

၁။ လုံးဝသည်းမခံခြင်း

- မိတ်ဖက်အဖွဲ့သည် SEA အပါအဝင် မဖွယ်မရာပြုခြင်းနှင့် လက်မခံနိုင်သော အပြုအမူများကို လုံးဝသည်းမခံသည့် ကုလသမဂ္ဂနှင့် OCHA တို့၏မူအား အသိအမှတ်ပြုပြီး အကောင် အထည်ဖော်ရန် သဘောတူသည်။ မိတ်ဖက်ဖြစ်သူသည် လုံးဝသည်းမခံသော မူဝါဒကို ယင်း၏ ဝန်ထမ်းများ၊ တစ်ဆင့်ခံမိတ်ဖက်များနှင့် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူ များထံ ဆက်သွယ်ပြောကြားပေးရန်လည်း တာဝန်ရှိသည်။ (ရန်ပုံငွေဆိုင်ရာ သဘောတူညီ ချက် စည်းမျဉ်း ၄၊ အပိုဒ် ၄ နှင့် ၅)

၂။ ကာကွယ်တားဆီးခြင်း

- မိတ်ဖက်ဖြစ်သူသည် မဖွယ်မရာပြုခြင်းနှင့် လက်မခံနိုင်သောအပြုအမူများကို ကာကွယ် တားဆီးရန် ကျိုးကြောင်းဆီလျော်သော လုပ်ရပ်မှန်သမျှကို လုပ်ဆောင်ရန် သဘောတူသည်။ (စည်းမျဉ်း ၄၊ အပိုဒ် ၅)
- မိတ်ဖက်ဖြစ်သူသည် ကုလသမဂ္ဂ အပြုအမူဆိုင်ရာ စံသတ်မှတ်ချက်များ (https://conduct.unmission.org) ၏ သတ်မှတ်ချက်များအားလုံးကို လိုက်နာဆောင်ရွက် ရန် ကတိကဝတ်ပြုသည်။ (စည်းမျဉ်း ၄၊ အပိုဒ် ၅)
- မိတ်ဖက်ဖြစ်သူသည် ယင်း၏ တာဝန်ရှိသူများက ထိခိုက်လွယ်သော အကျိုးခံစားခွင့် ရှိသူများနှင့် OCHA အတွက် အရေးကြီးသည့် လူပုဂ္ဂိုလ်များအပေါ် ခေါင်းပုံဖြတ်ခြင်း၊ မဖွယ်မရာပြုခြင်း၊ လက်မခံနိုင်သောအပြုအမူများနှင့် မဖွယ်မရာပြုမှုမြောက်စေမည့် မည်သည့်အပြုအမူ ပုံစံမျိုးတွင် မဆို ပါဝင်ဆောင်ရွက်ခြင်းတို့မှ ကာကွယ်တားဆီးရန် ဖြစ်နိုင်သမျှသော အရေးယူ ဆောင်ရွက်မှု အားလုံးကို သေချာစွာဆောင်ရွက်ရန် လက်ခံသည်။ (စည်းမျဉ်း ၄၊ အပိုဒ် ၆)
- MHF သည် PSEA ဆိုင်ရာ IEC စာရွက်စာတမ်းများကို ပြုစုဖော်ထုတ်ပြီးဖြစ်သည့် မြန်မာ PSEA ကွန်ရက်နှင့် တိုင်ပင်ဆွေးနွေးရန်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် အကြံပြုသည်။

ထို့ပြင် မိတ်ဖက်များ ပါဝင်ပတ်သက်နေသည့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း (SEA) စွပ်စွဲချက်များဆိုင်ရာ ကုလသမဂ္ဂ အတည်ပြုလုပ်ထုံးလုပ်နည်းများနှင့် အညီ –

- မိတ်ဖက်ဖြစ်သူသည် ယင်း၏ ဝန်ထမ်းများနှင့် တွဲဖက်ထားသည့် တာဝန်ရှိသူများအား SEA ကို ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ပုံမှန်သင်တန်းများ ပို့ချပေးရန် သဘောတူသည်။ သင်တန်းတွင် ကုလသမဂ္ဂ၏ SEA ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် တားမြစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ၊ SEA စွပ်စွဲချက်များကို OCHA သို့ ချက်ချင်း တိုင်ကြားရန်နှင့် နစ်နာသူကို အလျင်မြန်ဆုံး အကူအညီပေးနိုင်ရေး အတွက် ညွှန်းပို့ပေးရန် သတ်မှတ်ချက်များ ပါဝင်စေရမည်။ သင်တန်းဆိုင်ရာ ရွေးချယ်ရန် နည်းလမ်းများတွင် မိတ်ဖက်များအားလုံးအတွက် ကုလသမဂ္ဂ၏ PSEA အွန်လိုင်းသင်တန်းပို့ချမှု ပါဝင်သည်။ အင်္ဂလိပ်ဘာသာဖြင့် ဤလိပ်စာ https://agora.unicef.org/course/info.php?id=7380 တွင်ရရှိနိုင်ပြီး မြန်မာဘာသာဖြင့်မူကို ဤလိပ်စာတွင် – https://agora.unicef.org/course/info.php?id=28848 ရရှိနိုင်သည်။ MHF က နိုင်ငံ အတွင်းရှိ အခြား သင်တန်းပို့ချမှုဆိုင်ရာ ရွေးချယ်ရန်နည်းလမ်းများနှင့် ပတ်သက်၍ မြန်မာ နိုင်ငံ PSEA ကွန်ရက်နှင့် ပူးပေါင်းညှိနှိုင်းလျက် တိုင်ပင်ဆွေးနွေးကြည့်ရန် အကြံပြုသည်။
- မိတ်ဖက်ဖြစ်သူသည် ဝန်ထမ်းများအား SEA တွင်ဖြစ်စေ၊ လူ့အခွင့်အရေး ချိုးဖောက်မှု များတွင်ဖြစ်စေ ပါဝင်ပတ်သက်ခြင်း သို့မဟုတ် ပါဝင်ပတ်သက်ကြောင်း စွပ်စွဲခံရခြင်းများကို သေချာစွာ စစ်ဆေးရန် ကတိကဝတ်ပြုသည်။

၃။ တိုင်ကြားခြင်း

- မိတ်ဖက်ဖြစ်သူသည် ရန်ပုံငွေဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်သည့် မည်သည့် လိုက်နာရန်တာဝန်ကိုမဆို မိတ်ဖက်ဖြစ်သူကဖြစ်စေ၊ တစ်ဆင့်ခံမိတ်ဖက်ကဖြစ်စေ၊ တစ်ဆင့်ခံ လုပ်ငန်းလက်ခံသူကဖြစ်စေ ချိုးဖောက်ကြောင်း သို့မဟုတ် ချိုးဖောက် နိုင်ကြောင်း သတိပြုမိလျှင် OCHA သို့ (၄၈ နာရီအတွင်း) ချက်ချင်းအကြောင်းကြားရန် ကတိကဝတ်ပြုသည်။ (စည်းမျဉ်း ၄၊ အပိုဒ် ၈)
- မိတ်ဖက်ဖြစ်သူသည် အောက်ပါတို့နှင့် စပ်လျဉ်း၍ OCHA နှင့် ချက်ချင်းဆက်သွယ် ပြောကြားရန် ဆက်လက်၍ ကတိကဝတ်ပြုသည် –
    - မိတ်ဖက်ဖြစ်သူ၏ ဝန်ထမ်း သို့မဟုတ် သက်ဆိုင်သည့် တာဝန်ရှိသူ ပါဝင် ပတ်သက် နေသည်ဟု သံသယရှိသော သို့မဟုတ် စွပ်စွဲထားသော မည်သည့် မဖွယ်မရာပြုခြင်း သို့မဟုတ် လက်မခံနိုင်သောအပြုအမူမဆိုနှင့်
    - MHF ရန်ပုံငွေနှင့်ဖြစ်စေ၊ မိတ်ဖက် သို့မဟုတ် တစ်ဆင့်ခံမိတ်ဖက်နှင့်ဖြစ်စေ ဆက်စပ်နေသည့် ဝန်ထမ်းနှင့် အကျိုးခံစားသူများ၏ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံ ဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း၊ လက်မခံနိုင်သည့် အပြုအမူဆိုင်ရာ စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ မည်သည့်စုံစမ်းစစ်ဆေးမှု သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုကိုမဆို စီစဉ်ထားမှုနှင့် ကျင့်သုံးဆောင်ရွက်မှု။

- မိတ်ဖက်ဖြစ်သူသည် ဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးမှုများ၏ အစီရင်ခံစာ အပြည့်အစုံကို OCAH နှင့် အချိန်မီ မျှဝေရမည်။ (စည်းမျဉ်း ၁၁၊ အပိုဒ် ၄)
- မိတ်ဖက်ဖြစ်သူသည် ယင်း၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သို့မဟုတ် တာဝန်ရှိသူများ အပေါ်ပြုလုပ်သည့် မည်သည့်စုံစမ်းစစ်ဆေးမှုကိုမဆို သို့မဟုတ် ယင်းအပေါ် ဆောင်ရွက် သည့် မည်သည့်တရားစီရင်ရေး လုပ်ငန်းစဉ်ကိုမဆို မည်သည့်အဆင့်၌မဆို စတင် ဆောင်ရွက်သည့်အခါ သိလျှင်သိချင်း OCHA သို့ စာဖြင့်ရေးသားလျက် ချက်ချင်း အသိပေးရန် လက်ခံသည်။ ယင်းသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ဆောင်ရွက်ဆဲ စီမံချက် များကို ဖျက်သိမ်းခြင်းနှင့်/ သို့မဟုတ် မိတ်ဖက်ဖြစ်သူကို ရန်ပုံငွေရရှိရန် အရည်အချင်း ပြည့်မီနိုင်ခြင်းမှ ပယ်ဖျက်ခြင်းများ ဖြစ်ပေါ်လာနိုင်သည်။ (စည်းမျဉ်း ၂၊ အပိုဒ် ၆)

၄။ စာရွက်စာတမ်းများကို ရယူနိုင်ခြင်း

- မိတ်ဖက်ဖြစ်သူသည် OCHA၊ ကုလသမဂ္ဂ၏ အဖွဲ့အစည်းအတွင်း စောင့်ကြပ်ကြည့်ရှုမှု ဝန်ဆောင်မှုများရုံး (OIOS) သို့မဟုတ် ထိုက်သင့်စွာ အခွင့်အာဏာ အပ်နှင်းခြင်းခံထားရသည့် အခြားမည်သည့်ပုဂ္ဂိုလ်ကိုမဆို တစ်ဆင့်ခံ လုပ်ငန်းလက်ခံ ဆောင်ရွက်သူများက တာဝန်ယူ ဆောင်ရွက်သည့် လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့်အရာများ အပါအဝင် MHF ရန်ပုံငွေထောက်ပံ့သည့် စီမံချက်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ စီမံချက်နှင့် သက်ဆိုင်သော ပရိဝုဏ်များ၊ စီမံချက်အကောင်အထည်ဖော်နေသော လုပ်ငန်းခွင်များ အားလုံးသို့ အပြည့်အဝနှင့် အကန့်အသတ်မရှိ ဝင်ရောက်ရယူခွင့်ပြုရန် သဘောတူသည်။ (စည်းမျဉ်း ၁၁၊ အပိုဒ် ၂)
- မိတ်ဖက်ဖြစ်သူသည် စီမံချက်စောင့်ကြည့်လေ့လာမှုများ၊ စာရင်းစစ်ခြင်း၊ စုံစမ်းစစ်ဆေး ခြင်းနှင့် အခြားပြန်လည်သုံးသပ်မှု အမျိုးအစားများ၊ စီမံချက်နှင့်သက်ဆိုင်သော ပရိဝုဏ် များနှင့် စီမံချက်အကောင်အထည်ဖော်နေသော လုပ်ငန်းခွင်များသို့ သွားရောက်ခြင်းများ အားလုံးကို လွယ်ကူချောမွေ့အောင် အထောက်အကူပေးရန် လက်ခံသည်။ (စည်းမျဉ်း ၁၁၊ အပိုဒ် ၃)

၅။ ရပ်ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း

- မိတ်ဖက်ဖြစ်သူက မဖွယ်မရာပြုမှု သို့မဟုတ် အခြားလက်မခံနိုင်သော အပြုအမူများကို ကာကွယ်တားဆီးရေးအတွက် ထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အလားတူကိစ္စအတွက် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန်နှင့် လက်မခံနိုင်သော အပြုအမူပေါ်ပေါက်ခဲ့ကြောင်း တွေ့ရှိသည့်အခါ စည်းကမ်းထိန်းသိမ်း ရေးနှင့် ပြန်လည်ပြင်ဆင်ရေး အရေးယူဆောင်ရွက်ချက်များ ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် OCHA နှင့် ခွင့်ပြုငွေဆိုင်ရာ သဘောတူညီချက်ကို ဖျက်သိမ်းရန် အကြောင်းရင်းများ ဖြစ်လိမ့်မည်။ (စည်းမျဉ်း ၄၊ အပိုဒ် ၆)
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းနှင့် သက်ဆိုင်သည့် အရေးကြီးသော စွပ်စွဲချက်များတွင် OCHA သည် ရပ်ဆိုင်းရန် ၁၄ ရက် ကြိုတင်သတိပေးခြင်းကို ကျင့်သုံးခြင်း မပြုဘဲ

စီမံချက်ကို ချက်ချင်းဖျက်သိမ်းရန်အတွက် အကြောင်းကြားစာ ထုတ်ပြန်ရန် ဆုံးဖြတ် နိုင်သည်။ (စည်းမျဉ်း ၁၃၊ အပိုဒ် ၄)

၆။ တစ်ဆင့်ခံ ခွင့်ပြုခြင်း သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံ ဆောင်ရွက်ခြင်း

- မိတ်ဖက်ဖြစ်သူသည် တစ်ဆင့်ခံ မိတ်ဖက်များ သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံ ဆောင်ရွက်သူများက ဆောင်ရွက်ပေးသည့် လုပ်ငန်းနှင့် ဝန်ဆောင်မှုများအားလုံးအတွက်နှင့် ၎င်းတို့ကဖြစ်စေ၊ ၎င်းတို့၏ ဝန်ထမ်းများကဖြစ်စေ၊ အခြားဆက်စပ်တာဝန်ရှိသူများကဖြစ်စေ ပြုလုပ်သည့် အရာအားလုံးနှင့် ပြုလုပ်ရန်ပျက်ကွက်သည့် အရာအားလုံးအတွက် အပြည့်အဝ တာဝန်ရှိသည်။ (စည်းမျဉ်း ၅၊ အပိုဒ် ၅)
- တစ်ဆင့်ခံမိတ်ဖက်တစ်ဦး သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူ တစ်ဦးကို OCHA က အတည်ပြုခြင်းဖြင့် မိတ်ဖက်ဖြစ်သူအား ရန်ပုံငွေဆိုင်ရာ သဘောတူညီချက်အရ ၎င်း၏ တာဝန်ရှိမှုများမှ သက်သာခြင်းမရှိစေရ။ ယင်းတာဝန်များကို မိတ်ဖက်ဖြစ်သူက တစ်ဆင့်ခံမိတ်ဖက် သို့မဟုတ် တစ်ဆင့်ခံလုပ်ငန်းလက်ခံဆောင်ရွက်သူ(များ)နှင့် ချုပ်ဆို သည့် ယင်း၏ ပဋိညာဉ်များသို့ ဆက်လက်သယ်ဆောင်စေရမည်။ (စည်းမျဉ်း ၅၊ အပိုဒ် ၅)
- မိတ်ဖက်ဖြစ်သူသည် ရန်ပုံငွေများနှင့် စီမံချက်၏ ရလဒ်များအား တာဝန်ခံခြင်းအပါအဝင် တစ်ဆင့်ခံ လုပ်ငန်းအပ်နှံသည့် လုပ်ဆောင်ချက်များအား စောင့်ကြည့်လေ့လာကြောင်း သေချာစေရန် ဆောင်ရွက်ရမည်။ (စည်းမျဉ်း ၅၊ အပိုဒ် ၅)
- တစ်ဆင့်ခံ မိတ်ဖက်ဖြစ်သူ သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူ၏ မသင့်လျော်သည့် အပြုအမူဟု စွပ်စွဲထားသော သို့မဟုတ် သံသယရှိသော ဖြစ်ရပ်တွင် မိတ်ဖက်ဖြစ်သူသည် –
    - OCHA ကို ချက်ချင်း အကြောင်းကြားရမည်၊
    - စွပ်စွဲချက်များကို (တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူ သို့မဟုတ် မိတ်ဖက် ဖြစ်သူက) မဆိုင်းမတွနှင့် သင့်တင့်လျောက်ပတ်စွာ စုံစမ်းစစ်ဆေးရမည်၊
    - OCHA က ခန့်အပ်သည့် စုံစမ်းစစ်ဆေးရေးမှူးများအား တစ်ဆင့်ခံ မိတ်ဖက် သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူ၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် လုပ်ငန်းခွင်များသို့ ဝင်ရောက်ရယူခွင့် ပြုရမည်။ (စည်းမျဉ်း ၁၁)
- တစ်ဆင့်ခံမိတ်ဖက် သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူ၏ အတည်ပြု ထားသော လက်မခံနိုင်သော အပြုအမူများဆိုင်ရာ ဖြစ်ရပ်တွင် မိတ်ဖက်ဖြစ်သူသည် –
    - လိမ်လည်ထားသော ပမာဏကို OCHA သို့ ပြန်လည်ပေးသွင်းကြောင်း သေချာအောင် ဆောင်ရွက်ရမည်။
    - လိုအပ်သည့် ပြုပြင်ရေးနှင့် စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာ အရေးယူ ဆောင်ရွက်ချက်များ အားလုံးကို လုပ်ဆောင်ခဲ့ကြောင်း သေချာအောင် ဆောင်ရွက်ရမည်။

**အစီရင်ခံရမည့်အရာ**

အထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းလွှာ [ST/SGB/2003/13](https://undocs.org/en/ST/SGB/2003/13) တွင် ဖွင့်ဆိုထားသည့် လိင်ပိုင်း ဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း (https://undocs.org/en/ST/SGB/2003/13)။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်သည် –

- *လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်း* – အတင်းအကျပ် သို့မဟုတ် အားချင်းမမျှတ သို့မဟုတ် အကျပ်ကိုင်မှု/နိုင်ထက်စီးနင်း အခြေအနေများတွင် လိင်နှင့်ပတ်သက်သည့် ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်မှုကို အမှန်တကယ်ကျူးလွန်ခြင်း သို့မဟုတ် ပြုလုပ်ရန် ခြိမ်းခြောက်ခြင်းနှင့်
- *လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း* – လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်များဖြင့် ထိခိုက် လွယ်သည့် အနေအထား သို့မဟုတ် ကွဲပြားခြားနားသည့်အင်အား သို့မဟုတ် ယုံကြည်မှုကို အမှန်တကယ် အလွဲသုံးစားပြုခြင်း သို့မဟုတ် အလွဲသုံးစားပြုရန် ကြံရွယ်ခြင်း။ ထိုသို့ ပြုလုပ်ခြင်းသည် သူတစ်ပါးအပေါ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ပြီး ငွေကြေး သို့မဟုတ် လူမှုရေး သို့မဟုတ် နိုင်ငံရေးအရ အမြတ်ထုတ်ခြင်းတို့ အပါအဝင် ဖြစ်သော်လည်း ဤမျှနှင့် ကန့်သတ် မထားပါ။

တိုင်ကြားရန်ဖြစ်သော တားမြစ်ထားသည့် အပြုအမူများတွင် အောက်ပါနမူနာများ ပါဝင်သော်လည်း ထိုမျှနှင့်ကန့်သတ် မထားပါ –

- အကျိုးခံစားသူလည်းဖြစ်သည့် ရပ်ရွာလူ့အသိုင်းအဝိုင်းအဖွဲ့ဝင် တစ်ဦးနှင့် လိင်ပိုင်းဆိုင်ရာ ဆက်ဆံရေးရှိခြင်း
- (အသက် ၁၈ နှစ်အောက်) လူတစ်ဦးနှင့် လိင်ပိုင်းဆိုင်ရာ အမှုကိစ္စဆောင်ရွက်ခြင်း
- လိင်လုပ်သားများနှင့် ထိတွေ့ဆက်ဆံခြင်းအပါအဝင် ငွေကြေး၊ အလုပ်အကိုင်၊ ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများရရှိရန် လိင်ဆက်ဆံမှုဖြင့် လဲလှယ်ခြင်း
- မုဒိမ်းကျင့်ခြင်း သို့မဟုတ် မုဒိမ်းကျင့်ရန် အားထုတ်ခြင်း
- မလိုလားဖွယ် လိင်ပိုင်းဆိုင်ရာ လုပ်ရပ်များ ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း။

<u>မည်သည့်လုပ်ရပ်များကို OCHA သို့ တိုင်ကြားရမည်နည်း</u>

- သံသယရှိသော၊ စွပ်စွဲထားသော၊ အတည်ပြုထားသော လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း (ယခုမှစ၍ SEA လုပ်ရပ်များဟု သုံးစွဲမည်)
- ဝန်ထမ်း၊ ချိတ်ဆက်ထားသည့် တာဝန်ရှိသူတစ်ဦး (ဥပမာ – လုပ်ငန်းလက်ခံဆောင်ရွက်သူ၊ အလုပ်သင်၊ နေ့စားဝန်ထမ်း၊ စသည်) သို့မဟုတ် MHF မိတ်ဖက်၏ တစ်ဆင့်ခံမိတ်ဖက် သို့မဟုတ် တစ်ဆင့်ခံ လုပ်ငန်းလက်ခံဆောင်ရွက်သူက ကျူးလွန်သည့် SEA လုပ်ရပ်များ
- MHF ရန်ပုံငွေထောက်ပံ့သည့် လုပ်ဆောင်ချက်အပေါ်၌ သက်ရောက်နိုင်ဖွယ်ရှိသော သို့မဟုတ် သက်ရောက်ကြောင်း အတည်ပြုထားသော SEA လုပ်ရပ်များ (ဥပမာ – ကျူးလွန်သူ၏လစာ သို့မဟုတ် အခကြေးငွေကို MHF စီမံချက်တစ်ရပ်က အလုံးစုံဖြစ်စေ တစ်စိတ်တစ်ပိုင်းဖြစ်စေ

ကျခံခြင်း၊ သို့မဟုတ် နစ်နာသူသည် MHF က ရန်ပုံငွေ ထောက်ပံ့သည့် လုပ်ဆောင်ချက်တစ်ရပ်တွင် အကျိုးခံစားသူတစ်ဦးဖြစ်ခြင်း

- တိုင်ကြားချိန်၌ ယင်းတို့သည် MHF က ရန်ပုံငွေထောက်ပံ့သည့် လုပ်ဆောင်ချက်များအပေါ် သက်ရောက်နိုင်ဖွယ်ရှိသည်ဖြစ်စေ၊ သက်ရောက်ကြောင်း အတည်ပြုထားသည်ဖြစ်စေ ကြီးမားသည့် မီဒီယာရေးသားထုတ်လွှင့်မှုရရှိနိုင်သည့် သို့မဟုတ် မိတ်ဖက်နှင့်/သို့မဟုတ် OCHA အတွက် ဂုဏ်သတင်းဆိုင်ရာ သက်ရောက်မှုနိုင်ရှိသည့် SEA လုပ်ရပ်များ
- တိုင်ကြားချိန်၌ ယင်းတို့သည် MHF က ရန်ပုံငွေထောက်ပံ့သည့် လုပ်ဆောင်ချက်များအပေါ် သက်ရောက်နိုင်ဖွယ်ရှိသည်ဖြစ်စေ၊ သက်ရောက်ကြောင်း အတည်ပြုထားသည်ဖြစ်စေ၊ ကြီးမားသည့် မီဒီယာရေးသားထုတ်လွှင့်မှု ရရှိနိုင်သည့် သို့မဟုတ် မိတ်ဖက် နှင့်/သို့မဟုတ် OCHA အတွက် ဂုဏ်သတင်းဆိုင်ရာ သက်ရောက်မှုနိုင်ရှိသည့် လုပ်ငန်းခွင်တွင်ပြုလုပ်သော သို့မဟုတ် လုပ်ငန်းနှင့် ဆက်စပ်မှုရှိသော လိင်ဆိုင်ရာ သဘောသဘာဝရှိသည့် လက်မခံနိုင်ဖွယ် မည်သည့်အပြုအမူမဆိုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း (SH) လုပ်ရပ်များ
- အကယ်၍ သံသယရှိပါက လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း (SH) နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း (SEA) အကြား ခွဲခြားရန် ခက်ခဲနိုင်သည့်၊ ထို့ပြင် အကြီးတန်းဝန်ထမ်းတစ်ဦးက ကျူးလွန်ခြင်းဖြစ်ပါက စီမံခန့်ခွဲရန်လည်း ခက်ခဲနိုင်သည့် မည်သည့်ဖြစ်ရပ်မဆို။

## မည်သို့တိုင်ကြားမည်နည်း

မိတ်ဖက်ဖြစ်သူသည် MHF ရန်ပုံငွေထောက်ပံ့သည့် လုပ်ငန်းများ သို့မဟုတ် လူပုဂ္ဂိုလ်များ အပေါ် သက်ရောက်နိုင်သည့် မည်သည့်ဖြစ်ရပ်ကိုမဆို ယင်းတို့၏ သက်ရောက်မှုကို အတည်မပြုနိုင်သေး စေကာမူ OCHA သို့ ချက်ချင်း (၄၈ နာရီအတွင်း) သတင်းပို့တိုင်ကြားရမည်။ မိတ်ဖက်ဖြစ်သူ၏ သံသယရှိမှုများကို စောစီးစွာ ဖော်ထုတ်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုနှင့် စိတ်ရင်းစေတနာ မှန်ကန်မှု တို့ကို ဖော်ပြပြီး လိုအပ်သည့် အရေးယူဆောင်ရွက်ချက်များကို ဆုံးဖြတ်ရာ၌ ယင်းအချက်ကို ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

ဖြစ်ရပ်အားလုံးကို အောက်ပါတို့ထံ သတင်းပို့တိုင်ကြားနိုင်သည် –

- OCHA ရုံးအကြီးအကဲ၊ MHF မန်နေဂျာ သို့မဟုတ် OCHA လူသားချင်းစာနာမှု ဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့ရေးဌာနမှ အခြားအဖွဲ့ဝင်များသို့ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင် ဖြစ်စေ
- MHF ၏ မကျေနပ်မှုတိုင်ကြားခြင်း သို့မဟုတ် တုံ့ပြန်အကြံပြုခြင်းစနစ် (MHFComplaints@un.org)
- မြန်မာနိုင်ငံ PSEA ကွန်ရက်၏ အီးမေးလ် (mmrpsea@unfpa.org) သို့မဟုတ် အရေးပေါ် ဖုန်းနံပါတ် (+၉၅ ၉၄၀ ၅၁၄ ၉၆၁၆)
- ကုလသမဂ္ဂ၏ အဖွဲ့အစည်းအတွင်း စောင့်ကြပ်ကြည့်ရှုမှု ဝန်ဆောင်မှုများရုံး (OIOS) (*https://oios.un.org/content/contact-us*) ၏ အရေးပေါ် ဝန်ဆောင်မှု

မိတ်ဖက်ဖြစ်သူသည် အသိပေးအကြောင်းကြားမှုကို အချိန်မီပြုလုပ်ပြီး ရရှိနိုင်သမျှ အသေးစိတ် အချက်အလက်များ ပါဝင်ပါက အထက်ပါလမ်းကြောင်းများမှတစ်ဆင့် ၎င်းတို့နှစ်သက်သည့် နည်းလမ်းဖြင့် လျှို့ဝှက်စွာ တိုင်ကြားနိုင်သည်။ MHF အနေနှင့် မြန်မာနိုင်ငံ PSEA ကွန်ရက်က ပြုစုဖော်ထုတ်သည့် SEA စွပ်စွဲချက်များအတွက် တိုင်ကြားခြင်းမူဘောင်ကို လိုက်နာဆောင်ရွက်ရန် အကြံပြုပြီး အထူးသဖြင့် စာမျက်နှာ ၆ဂ ရှိ ဖြည့်သွင်းရန်နမူနာပုံစံကို အသုံးပြုရန်ဖြစ်သည်။

အကယ်၍ အောက်ပါအသေးစိတ်အချက်အလက်များကို ရရှိနိုင်ပါက ထည့်သွင်းဖော်ပြရန်ဖြစ်သည် –

- ဖြစ်ရပ်နှင့် ဆက်စပ်ဖြစ်ရပ်များအကြောင်း ရှင်းလင်းဖော်ပြချက် - *ပါဝင်ပတ်သက်သည့် လူပုဂ္ဂိုလ်များနှင့်/သို့မဟုတ် အဖွဲ့အစည်းများနှင့် ပတ်သက်သည့် ရှင်းလင်းဖော်ပြချက် အပါအဝင်*
- စွပ်စွဲချက်၏ သဘောသဘာဝ – *မိတ်ဖက်ဖြစ်သူက ယင်းဖြစ်ရပ်သည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း (SH) (မိတ်ဖက်ဖြစ်သူက အဖွဲ့အစည်းအတွင်း၌ စီမံခန့်ခွဲရန်) သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း (SEA) တို့နှင့် ဆက်စပ်ခြင်း ရှိမရှိ ဆုံးဖြတ်ရန်*
- နစ်နာသူ(များ) မည်သူမည်ဝါဖြစ်ကြောင်း ရည်ညွှန်းချက် – *ဥပမာ ၎င်းတို့သည် အကျိုးခံစားသူများ၊ အရွယ်မရောက်သေးသူများ စသည်ဖြင့်*
- နစ်နာသူထံ အကူအညီပေးအပ်ရန် အရေးယူဆောင်ရွက်မှုအကြောင်း ရည်ညွှန်းချက် – *တိုက်ရိုက်ကူညီမှု၊ ညွှန်းပို့မှု စသည်*
- စွပ်စွဲမှုများ၏ ရင်းမြစ် – *မိတ်ဖက်ဖြစ်သူသည် ဤသတင်းအချက်အလက်ကို မည်သို့ သတိပြုမိခဲ့ကြောင်း*
- စွပ်စွဲထားသည့် ဖြစ်ရပ်များ၏ ရက်စွဲနှင့် တည်နေရာ
- ပါဝင်ပတ်သက်နိုင်ဖွယ်ရှိသည့် OCHA ရန်ပုံငွေထောက်ပံ့သည့် စီမံချက်(များ) – *အကယ်၍ မသိရှိပါက ယင်းစွပ်စွဲသည့် ဖြစ်ရပ်များ ပေါ်ပေါက်သည့်အချိန်တွင် လုပ်ဆောင်လျက် ရှိသည့် MHF ရန်ပုံငွေထောက်ပံ့သော မည်သည့်စီမံချက်မဆိုကို ဖော်ပြရန်*
- စွပ်စွဲခံထားရသည့် ကျူးလွန်သူများကို သတ်မှတ်ဖော်ထုတ်နိုင်ပါက မိတ်ဖက်ဖြစ်သူက ယင်းတို့အပေါ် အရေးယူဆောင်ရွက်မှုများ
- မိတ်ဖက်ဖြစ်သူသည် တိုင်ကြားသည့် ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် စီစဉ်ထားခြင်းရှိမရှိနှင့် ရှိပါက စီစဉ်ထားသည့် အချိန်ပြမျဉ်းကို ဖော်ပြရန်
- ယင်းဖြစ်ရပ်များကြောင့် သက်ရောက်နိုင်မည့် အခြားရန်ပုံငွေထောက်ပံ့မှုများကို ပြုလုပ်ထားသည့် အလှူရှင်များအား သတ်မှတ်ဖော်ပြရန်

လူပုဂ္ဂိုလ်ဆိုင်ရာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့် သတင်းအချက်အလက်ကိုဖြစ်စေ၊ ပါဝင်ပတ်သက်သည့် တစ်ဦးချင်းပုဂ္ဂိုလ်များ၏ လုံခြုံရေးအရ အကဲဆတ်သော အသေးစိတ် အချက်အလက်များကိုဖြစ်စေ ကာကွယ်စောင့်ရှောက်ရန် အပြည့်အဝ ထည့်သွင်းစဉ်းစားမည်။

## စုံစမ်းစစ်ဆေးသည့် လုပ်ငန်းစဉ်၏ အဆင့်များ

OCHA သည် မိတ်ဖက်ဖြစ်သူက ကိုယ်တိုင်သတင်းပို့တိုင်ကြားခြင်းဖြင့် SEA ဟု သံသယရှိသည့် တိုင်ကြားမှုများကို လက်ခံရရှိနိုင်ရုံမက တတိယပုဂ္ဂိုလ်များ (ဖော်ထုတ်တိုင်ကြားသူများ သို့မဟုတ် အခြားအကျိုးစီးပွားပိုင်ရှင်များ) ထံမှလည်း ရရှိနိုင်သည်။ ထို့ပြင် OCHA သည် MHF ၏ စီမံခန့်ခွဲမှု တာဝန်ကို ထမ်းဆောင်ရင်း လက်မခံနိုင်သည့် အပြုအမူဆိုင်ရာ ညွှန်ပြချက်များကို သတိပြုမိ နိုင်သည်။

SEA ဆိုင်ရာ သံသယများသည် ယုံကြည်လောက်ဖွယ်ဖြစ်၍ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်မည်ဟု OCHA က ဆုံးဖြတ်သည့်အခါ ၎င်းသည် အောက်ပါလုပ်ဆောင်ချက်များအနက် တစ်ခုခုကို ဆောင်ရွက်နိုင်သည် –

၁။ မိတ်ဖက်ဖြစ်သူအား စွပ်စွဲချက်များကို ကိုယ်တိုင်စုံစမ်းစစ်ဆေးစေခြင်း

ဤအချက်သည် မိတ်ဖက်ဖြစ်သူက ကိုယ်တိုင်သတင်းပို့တိုင်ကြားသည့် စွပ်စွဲချက်များနှင့်သာ အဓိက အားဖြင့် သက်ဆိုင်သည်။ မိတ်ဖက်ဖြစ်သူသည် ကိုယ်တိုင်စုံစမ်းစစ်ဆေးရန် ဆန္ဒရှိပြီး ယုံကြည် အားထားဖွယ်ဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းရှိပါက OCHA သည် ကိုယ်တိုင်စုံစမ်းစစ်ဆေးမှု၏ အချိန်ပြမျဉ်းနှင့် လုပ်ပိုင်ခွင့်နယ်ပယ်နှင့် ကန့်သတ်ချက်များ (ToRs) ကို တောင်းခံမည်ဖြစ်သည်။ ကိုယ်တိုင်စုံစမ်းစစ်ဆေးမှု ပြီးစီးသည့်အခါ မိတ်ဖက်ဖြစ်သူသည် အစီရင်ခံစာကို OCHA နှင့် မျှဝေမည် ဖြစ်ကာ OCHA က အစီရင်ခံစာကို ပြန်လည်သုံးသပ်ပြီး ထပ်မံလိုအပ်သည့် သတင်းအချက်အလက် များကို တောင်းခံနိုင်သည်။ ကိုယ်တိုင်စုံစမ်းစစ်ဆေးမှု အစီရင်ခံစာတွင် မိတ်ဖက်ဖြစ်သူက တာဝန်ရှိသည့် မည်သည့်ပုဂ္ဂိုလ်အပေါ်၌မဆို စည်းကမ်းထိန်းသိမ်းရေးအတွက် အရေးယူဆောင်ရွက်မှု နှင့် ထပ်မံမဖြစ်ပွားအောင် ကာကွယ်တားဆီးရေးအတွက် မိတ်ဖက်ဖြစ်သူ၏ မူဝါဒများနှင့် စနစ်များကို ခိုင်မာအားကောင်းစေရန် အကောင်အထည်ဖော်သည့် အရေးယူဆောင်ရွက်ချက်များ၏ အကျဉ်းချုပ်ဖော်ပြချက် ပါဝင်စေရမည်။ ကိုယ်တိုင်စုံစမ်းစစ်ဆေးမှု အစီရင်ခံစာများကို အမှု မပိတ်သိမ်းမီ OCHA က ကုလသမဂ္ဂ အဖွဲ့အစည်းအတွင်း စောင့်ကြပ်ကြည့်ရှုမှု ဝန်ဆောင်မှုများရုံး (OIOS) သို့ ပြန်လည်သုံးသပ်ရန် ထပ်ဆင့်ညွှန်းပို့မည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်အတွင်း မြန်မာနိုင်ငံ PSEA ကွန်ရက်၏ အထောက်အကူပြုမှုကို လိုအပ်ကောင်းလိုအပ်နိုင်သည်၊ ထို့ပြင်/သို့မဟုတ် အကြံပြုနိုင်သည်။

၂။ စုံစမ်းစစ်ဆေးရန်အတွက် OIOS သို့ ညွှန်းပို့ခြင်း

ဤအချက်သည် OCHA က ဖော်ထုတ်တွေ့ရှိသည့် သို့မဟုတ် တတိယပုဂ္ဂိုလ်/အဖွဲ့အစည်းများက တိုင်ကြားသည့် စွပ်စွဲချက်များနှင့် သက်ဆိုင်သည်။ ယင်းသည် မိတ်ဖက်တစ်ဦးက ကိုယ်တိုင် သတင်းပို့ တိုင်ကြားလာသည့် ဖြစ်ရပ်များနှင့်လည်း အကျုံးဝင်နိုင်သည်။ အကယ်၍ မိတ်ဖက်ဖြစ်သူက ကိုယ်တိုင်စုံစမ်းစစ်ဆေးမှုကို ယုံကြည်အားထားဖွယ်ဖြစ်အောင် မဆောင်ရွက်လို/မဆောင်ရွက်နိုင် ပါက OCHA သည် OIOS အား SEA ဆိုင်ရာ စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်ရန် တောင်းဆိုနိုင်သည်။

မိတ်ဖက်ကသော်လည်းကောင်း၊ နိုင်ငံ၏ အာဏာပိုင်များကသော်လည်းကောင်း ဆောင်ရွက်သည့် ဆက်စပ်နေသော စုံစမ်းစစ်ဆေးမှုများက မည်သို့ပင်ဖြစ်စေ OIOS သည် MHF မိတ်ဖက်များနှင့်

ချိတ်ဆက်ထားသည့် တာဝန်ရှိသူများ ပါဝင်ပတ်သက်နေသည့် SEA ဆိုင်ရာ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် အခွင့်အရေးကို ရရှိပိုင်ဆိုင်ထားသည်။

## တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများ

OCHA သည် SEA ကို လုံးဝသည်းမခံသည့် ကုလသမဂ္ဂ၏ မူကို အတိအကျ လိုက်နာကျင့်သုံးသည်။ ထို့ကြောင့် ဖြစ်ရပ်များကို တွေ့ရှိသည့်အခါ သို့မဟုတ် တိုင်ကြားမှုကို လက်ခံရရှိသည့်အခါ ယင်းဖြစ်ရပ်များကြောင့် ဆက်လက်သက်ရောက်မှုကို အနည်းဆုံးဖြစ်စေရန် ကြားကာလ အရေးယူဆောင်ရွက်မှုများကို ချမှတ်ရန် လိုအပ်လာနိုင်သည်။

တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများ ကျင့်သုံးခြင်းအား မိတ်ဖက်ဖြစ်သူက ကိစ္စရပ်များကို အပြည့်အဝဖော်ထုတ်ရန်၊ ယင်းကိစ္စရပ်များအား ကိုယ်တိုင်စုံစမ်းစစ်ဆေးရန်နှင့်/သို့မဟုတ် OCHA က ဆောင်ရွက်သည့် စုံစမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုလိုလားလားရှိမှု အပါအဝင် (သို့သော် ယင်းတို့ချည်းသက်သက်ဟု ကန့်သတ်ထားခြင်းမဟုတ်) ကွဲပြားခြားနားသည့် အကြောင်းအချက် များကို ထည့်သွင်းစဉ်းစားလျက် ဖြစ်ရပ်တစ်ခုချင်းစီအလိုက် ဆုံးဖြတ်သည်။

OCHA က ချမှတ်နိုင်သည့် တင်းကျပ်သော အရေးယူဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်သည် –

- ဆောင်ရွက်ဆဲ စီမံချက်များ ရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း
- လွှဲပြောင်းပေးရန် ကျန်ရှိနေသည့် စီမံကိန်းအသုံးပြုငွေပမာဏများကို ရပ်ဆိုင်းခြင်း
- ထိန်းချုပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် စီမံချက်အကောင်အထည်ဖော်မှုနှင့် စီမံကိန်းအသုံးပြုငွေလွှဲပြောင်းပေးမှုများကို ဆက်လက် ပြုလုပ်ခြင်း
- မိတ်ဖက်ဖြစ်သူ၏ ဆုံးရှုံးနိုင်ခြေအဆင့်ကို တိုးမြှင့်သတ်မှတ်ခြင်း
- ဆောင်ရွက်ဆဲ စီမံချက်များအတွက် ရန်ပုံငွေ တိုးမြှင့်ချထားခြင်း နည်းလမ်း အပါအဝင် MHF ထံမှ ရန်ပုံငွေအသစ်ကို လျှောက်ထားရန် မိတ်ဖက်ဖြစ်သူ၏ (မိတ်ဖက်အဖြစ်နှင့် တစ်ဆင့်ခံ မိတ်ဖက်အဖြစ်) မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှုကို ယာယီရပ်ဆိုင်းခြင်း
- တင်းကျပ်သည့် အရေးယူဆောင်ရွက်ချက်များကို အခြားနိုင်ငံများရှိ CBPF များသို့ တိုးချဲ့ခြင်း

တင်းကျပ်သည့် အရေးယူဆောင်ရွက်ချက်များကို OCHA အမှုဆောင်အရာရှိ (EO) က ဆုံးဖြတ်ပြီး မိတ်ဖက်ဖြစ်သူသို့ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး (HC) သို့မဟုတ် OCHA ရုံးချုပ်က တရားဝင်ဆက်သွယ်ပြောကြားသည်။ OCHA နိုင်ငံအခြေပြုရုံးများနှင့် လူသားချင်းစာနာမှု ဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့ရေးဌာနများက တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများနှင့် စုံစမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပါဝင်ပတ်သက်ခြင်းမရှိပါ။

ကျေနပ်ဖွယ်ဖြေရှင်းမှု ရရှိချိန်တွင် တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများကို OCHA EO က တရားဝင်ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ရုပ်သိမ်းနိုင်သည်။ HC သည် မူလက ၎င်းချမှတ်ထားသည့် မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီနိုင်မှု ရပ်ဆိုင်းထားခြင်းများကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

## ဖြေရှင်းမှု

စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ် ပြီးဆုံးချိန်တွင် OCHA သည် တွေ့ရှိချက်များနှင့် မိတ်ဝတ်မပျက်သည့် ဖြေရှင်းမှုနည်းလမ်းအတွက် အခြေအနေများကို မိတ်ဖက်ဖြစ်သူထံ ဆက်သွယ်ပြောကြားမည် ဖြစ်သည်။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်နိုင်သည် –

- မသုံးစွဲခဲ့သည့် လက်ကျန်ငွေနှင့်/သို့မဟုတ် အကျုံးမဝင်သည့် သုံးစွဲငွေများကို မိတ်ဖက် ဖြစ်သူက OCHA သို့ ပြန်လည်ပေးအပ်ခြင်း
- ပေးချေရန် ကျန်ရှိနေသည့် ပမာဏကို OCHA က မိတ်ဖက်ဖြစ်သူသို့ အပြီးသတ် လွှဲပြောင်းပေးခြင်း
- သက်ဆိုင်ရာ ဌာနတွင်းထိန်းချုပ်မှုများကို ပိုမိုခိုင်မာအားကောင်းစေရေးအတွက် မိတ်ဖက် ဖြစ်သူ အကောင်အထည်ဖော်ရမည့် ပြန်လည်ပြုပြင်ရန် အရေးယူဆောင်ရွက်မည့် အစီအစဉ် များကို ချမှတ်ခြင်း
- တာဝန်ရှိသည့်ပုဂ္ဂိုလ်အပေါ် စည်းကမ်းထိန်းသိမ်းရေးအတွက် အရေးယူဆောင်ရွက်ခြင်း
- အထက်ပါအခြေအနေများအနက် အချို့ သို့မဟုတ် အားလုံးကို ပြန်လည်စစ်ဆေး အတည်ပြုရန် လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက်အသစ်ကို ပြုလုပ်ခြင်း

ဖြေရှင်းမှုနည်းလမ်းအတွက် အခြေအနေများအားလုံးကို ကျေနပ်ဖွယ်ဖြည့်ဆည်းထားကြောင်း အတည်ပြုပြီးသည့်အခါ OCHA EO သည် တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများကို ရုပ်သိမ်းရန် နှင့် မိတ်ဖက်ဖြစ်သူ၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှုကို ပြန်လည်အသက်ဝင်စေရန် ဆုံးဖြတ်နိုင်သည်။

ကျေနပ်ဖွယ်မရှိသည့် ဖြေရှင်းမှုများအတွက် OCHA သည် မိတ်ဖက်ဖြစ်သူနှင့် ယင်း၏ ထိပ်ပိုင်းစီမံခန့်ခွဲသူများကို OCHA ၏ တားမြစ်ကန့်သတ်ထားသူများ စာရင်းတွင် ထည့်သွင်းမည် ဖြစ်ပြီး ယင်းသတင်းအချက်အလက်ကို သက်ဆိုင်သည့် MHF အလှူရှင်များနှင့် အခြား ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် သင့်လျော်သလို မျှဝေမည်ဖြစ်သည်။ အကယ်၍ အဖွဲ့အစည်းသည် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါက ကမ္ဘာတစ်ဝန်းရှိ CBPF ရန်ပုံငွေထောက်ပံ့မှုအားလုံးမှ တားမြစ်ကန့်သတ်ရန် စဉ်းစားနိုင်သည်။

# MHF မိတ်ဖက်များနှင့် တစ်ဆင့်ခံမိတ်ဖက်များ ပါဝင်ပတ်သက်သည့် SEA စွပ်စွဲချက်များအား တုံ့ပြန်မှု လုပ်ငန်းစဉ်ပြကားချပ်

